# ကလေးငယ်များကို ကာကွယ်ကြပါ




ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၈၉–ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက ပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၉၀–ခုနှစ်တွင် အသက်ဝင်ပါသည်။ ကျနော်တို့မြန်မာနိုင်ငံသည် ဤစာချုပ်ကို ၁၉၉၁–ခုနှစ် ဩဂုတ်လ(၂၁)ရက်နေ့တွင် အတည်ပြု လက်မှတ်ရေးထိုးခဲ့သောကြောင့် ၁၉ နှစ်ကြာခဲ့ပါပြီ။ ယနေ့ နအဖ စစ်အစိုးရကာလအတွင်း ဤစာချုပ် တွင်ပါရှိသော အပိုဒ်ပေါင်း (၅၄)ပိုဒ် စလုံးအနက် မည်သည့်အပိုဒ်များအား မလိုက်နာခဲ့သည်များကို ဖော်ထုတ်ရန်လိုပါသည်။ လက်မှတ်ရေးထိုးသည့် နိုင်ငံတိုင်း လေးစားလိုက်နာရပါမည်။ လုံးဝချိုးဖောက်၍မရပါ။ ကမ္ဘာတဝှမ်းလုံးရှိ ကလေးသူငယ်များ၏ အခွင့်အရေးကို ဤဥပဒေဖြင့် ကာကွယ်စောင့်ရှောက်ရပါမည်။

ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် – အပိုဒ်(၃၈) ။ ။ အသက်(၁၅)နှစ်အောက် ကလေးများအား လက်နက်ကိုင်ပဋိပက္ခများတွင် စစ်မှုထမ်းရန်၊ စစ်ပွဲတွင် ပါဝင်ရန် အသုံးပြုခြင်းမရှိစေရ။ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် လက်နက်ကိုင်ပဋိပက္ခအတွင်းမှ ကလေးငယ်များအား ကာကွယ်စောင့်ရှောက်မှုများ အတတ်နိုင်ဆုံး လုပ်ဆောင်ပေးရမည်။ ဟုအတိအကျ ပြဋ္ဌာန်းထားပါသည်။

ထို့ပြင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်ကို အခြေခံလျက် ကလေးများအပေါ် ပြင်းထန်သော ချိုးဖောက်မှုများကို ကာကွယ်နိုင်ရန်ရည်ရွယ်၍ ၂၀၀၅–ခုနှစ် ဇူလိုင်လ (၂၆)ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ ဆုံးဖြတ်ချက်အမှတ် (၁၆၁၂)ကို ချမှတ်ခဲ့ပါသည်။ ဤဆုံးဖြတ်ချက် (၁၆၁၂) ၏ ပြဋ္ဌာန်းချက်အရ ကလေးစစ်သား အသုံးပြုခြင်း၊ စုဆောင်းခြင်း၊ သတ်ဖြတ်ခြင်း (သို့မဟုတ်) ကိုယ်လက်အင်္ဂါချို့တဲ့စေခြင်း၊ အတင်းအဓမ္မ သွေးဆောင်ခြင်း သို့မဟုတ် ပြန်ပေးဆွဲခြင်းမပြုရ ဟုစသည်အားဖြင့် ပြဋ္ဌာန်းထားပါသည်။

၁၉၈၈–ခုနှစ် နောက်ပိုင်း စစ်အစိုးရတပ်ထဲသို့ ဝင်ရောက်လိုခြင်းမရှိကြသဖြင့် စစ်သားစုဆောင်းမှုကို အတင်းအဓမ္မ နေရာအနှံ့စုဆောင်းခဲ့သည်။ ထိုသို့စစ်သားစုဆောင်းရာတွင် အရွယ်မရောက်သေးသော ကလေးသူငယ်များကိုပါ အတင်းအဓမ္မပြစ်မှုကျူးလွန်ခြင်း ပြုလုပ်ခဲ့ကြသည်။ ဤကိစ္စနှင့် ပတ်သက်၍ ၂၀၀၃ –ခုနှစ် Human Rights Watch လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့မှ နအ ဖ စစ်တပ်အတွင်း အရွယ်မရောက်သေးသူ ကလေးငယ်များ (၇၀ယ၀၀၀)ခန့် ရှိကြောင်း အစီရင်ခံစာတွင်ဖေါ်ထုတ်ပြခဲ့သည်။ မြန်မာနိုင်ငံတွင် ကလေးသူငယ်များ အတင်းအဓမ္မ စစ်သားအဖြစ် ခိုင်းစေခံနေရသည်ကို တကမ္ဘာလုံးက သိရှိသွားပါတော့သည်။ ထို့နောက်မှ နအဖ စစ်အစိုးရက ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်ရန် ၂၀၀၄–ခုနှစ် ဇန္နဝါရီလ(၅)ရက်နေ့တွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့သည်။ အမည်ခံကော်မတီအနေဖြင့် ထိရောက်စွာ အကောင်အထည်မဖော်နိုင်သဖြင့် ယနေ့တိုင် ကလေးသူငယ်မြောက်များစွာမှာ စစ်သားစုဆောင်းခံနေရဆဲဖြစ်သည်။ ထို့ထက်ဆိုးသည်က အတင်းအဓမ္မ စစ်သားစုဆောင်းခံရနေရသည့် ကလေးသူငယ်များကို သေဒဏ်ပေးလိုပေး၊ ပစ်ခတ်သတ်ဖြတ်ခြင်းများကိုပါ ပြုလုပ်နေသည့် ပြစ်မှုကျူးလွန်မှုများရှိနေပါသည်။




မြန်မာနိုင်ငံ လက်ရှိအခြေအနေအရ ကလေးသူငယ်များအား အတင်းအဓမ္မ စစ်သား စုဆောင်းနေသည့် အနေအထားအောက်တွင် ၂၀၁၀ ခုနှစ် ဇူလိုင်လ ၂၇–ရက်နေ့ နံနက် ၄–နာရီ၌ ရခိုင်ပြည်နယ် စစ်တွေမြို့၊ ကန်တော်ကြီးရပ်ကွက်ရှိ မဟာမုနိဗုဒ္ဓဝိဟာရ ဘုန်းကြီးကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် ဦးပညာစာရကို ဖမ်းဆီးချုပ်နှောင်ပြီးနောက် ဆရာတော် စောင့်ရှောက်ထားသည့် ကလေးသူငယ်(၁၂၀)ထဲမှ ၄၇–ဦးကို စစ်တပ်က ပထမအသုတ် ဇူလိုင်လ ၃၁–ရက်နေ့က ခေါ်ထုတ်သွားကြောင်း၊ ၎င်းတို့ကို ကြံ့တိုင်းအောင်ကားကြီးနှင့် တင်ပို့လိုက်ကြောင်း၊ ၁၂၀–ထဲမှ ကျန်ရှိသည့် အသက် ၈–နှစ်အထက်ကလေးငယ်များကို ညနေဘက်တွင် ခေါ်ထုတ်သွားပြီး ဘုန်းကြီးကျောင်းကိုချိတ်ပိတ်သွားကြောင်း နိရဉ္စရာသတင်းဌာနမှသိရှိရပါသည်။ ကျောင်းထိုင်ဆရာတော် အုပ်ထိန်းသူ၏သဘောတူညီချက်လည်းမပါ။ သက်ဆိုင်ရာ ကလေးသူငယ်များ၏ ဆွေနီးမျိုးစပ်တော်သူများအားလည်း အသိပေးအကြောင်းကြားခြင်းမရှိဘဲ၊ မည်ကဲ့သို့ဆောင်ရွက်ထားကြောင်းလည်း မသိရှိရသည့် မိဘဆွေမျိုး ပြည်သူများအနေဖြင့် လွန်စွာမှ စိုးရိမ်ကြောင့် ကျပူပန်နေကြပါသည်။ ဤကဲ့သို့ စိုးရိမ်ရသည့်အခြေအနေများ တည်ရှိနေရသည့်အကြောင်းမှာ အောက်ပါအမှုဖြစ်စဉ်များက သက်သေပြနေ၍ ဖြစ်ပါသည်။

ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော အဘဦးလှဝင်း၊ အမိ ဒေါ်သန်းငွေးတို့၏ အငယ်ဆုံးသား မောင်အောင်ကိုထွေးသည် ဒဂုံမြို့သစ်တောင်ပိုင်း အလက–၂ တွင် ၈–တန်းကျောင်းသားအဖြစ် ပညာသင်ကြားနေစဉ် ကလေးစစ်သားအဖြစ် ဖြားယောင်းသွေးဆောင်ခံခဲ့ရပါသည်။ ရှမ်းပြည်မြောက်ပိုင်း လောက်ကိုင်အခြေစိုက် ခြေမြန်တပ်ရင်း ခမရ ၃၂၂ တွင် တာဝန်ထမ်းဆောင် ပါသည်။ တပ်တွင်းကလေးချင်းရန်ဖြစ် သေဆုံးမှုဖြင့် ၁၆–နှစ်အရွယ် ကလေးစစ်သား (ကိုယ်ပိုင်အမှတ်–တ/၃၅၁၈၀၇) တပ်သားမောင်အောင်ကိုထွေးအပါအဝင် ၂–ဦးကို နအဖ စစ်တပ်မှ သေဒဏ်ချမှတ်လိုက်ပါသည်။ (အာအက်ဖ်အေ ၁၅ –အောက်တိုဘာ၊ ၂၀၀၉)

န ဝ တ ဥပဒေအမှတ် ၉/၉၃–ဖြင့် ပြဋ္ဌာန်းခဲ့သော ကလေးသူငယ်အက်ဥပဒေ ပုဒ်မ – ၆၉အရ အသက် ၁၈–နှစ်ပြည့်သွားစေကာမူ လူငယ်အဖြစ်မှတ်ယူကာ စီရင်ချက်ချမှတ်ရမည်။ ဟုလည်းကောင်း၊ ပုဒ်မ– ၇၁ အရ တည်ဆဲဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ (က) လူငယ်ကို သေဒဏ် သို့မဟုတ် တသက်တကျွန်းဒဏ်ချမှတ်ခြင်းမပြုရ။ ဟု ကိုယ်တိုင်ပြဋ္ဌာန်းသည့် ဥပဒေကို စစ်အစိုးရကိုယ်တိုင်ချိုးဖောက်၍ သေဒဏ်ချမှတ်ခဲ့ခြင်းမှာ ကြီးစွာသော ပြစ်မှုဖြစ်ပါသည်။ နိုင်ငံတကာ ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အပိုဒ်–၄၀တွင် ပါရှိသော စွပ်စွဲခံရသော ကလေးသူငယ်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို လည်းချိုးဖောက်ကျူးလွန်ရာရောက်ပါသည်။

နောက်ထပ်အခြားတမှုမှာ ၂၀၁၀ –ခုနှစ် မေလ–၁၆–ရက်နေ့တွင် ညောင်လေးပင်မြို့နယ်၊ ဝါးရုံကုန်းကျေးရွာအုပ်စု၊ စံဖဲကျေးရွာနေ အဖ ဦးငွေဝင်း၏သားဖြစ်သူ မောင်တင်မင်းနိုင်(၁၆–နှစ်)နှင့် သူငယ်ချင်းဖြစ်သူ မောင်ကျော်ဝင်းအောင်တို့သည် ညနေပိုင်းအချိန် မီးရထားသံလမ်းတလျှောက် ကြွက်ထိုးရန်သွားစဉ် မီးရထားဘူတာသံလမ်းစောင့် အမှတ်(၅၈၆) ခြေလျင်တပ်ရင်းမှ တပ်သားမိုးဝင်း(ကိုယ်ပိုင်အမှတ်–၄၁၈၄၂)အပါအဝင် စစ်သားသုံးဦးဖြင့် တွေ့ဆုံသည့်အချိန်တွင် ကလေးစစ်သားအဖြစ် စုဆောင်းရန် ဖမ်းဆီးခံရကြောင်း၊ ၎င်းတို့အားတပ်ထဲဝင်ရန် ခြိမ်းခြောက်ပြောဆိုသည်ကို မောင်တင်မင်းနိုင်က ငြင်းဆန်သဖြင့် တပ်သားမိုးဝင်းက သေနတ်ဖြင့် နှစ်ချက်တိတိ ပစ်သတ်ခဲ့ကြောင်း၊ အသက်မသေသေးသည့်အတွက် မောင်တင်မင်းနိုင်၏ ကြွက်ထိုးရန်ယူဆောင်လာသည့် ခရင်းခွမှိန်းဖြင့်ထိုး၍ ရက်စက်စွာသတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ (မေ –၃၀– ၂၀၁၀။ Burma Today )

၁၉၉၃–ခုနှစ် ကလေးသူငယ်ဥပဒေအရ အသက် ၁၆–နှစ်ကို လူငယ်အဖြစ်သတ်မှတ်ပါသည်။ မည်သူမဆို စစ်မှုထမ်းအဖြစ် စည်းရုံးမည်ဆိုပါက တပ်မတော်တွင် တာဝန်ထမ်းဆောင်လိုပါက၊ ၁၉၅၉–ခုနှစ် တပ်မတော်အက်ဥပဒေ ပုဒ်မ– ၁၂အရ စစ်မှုထမ်းအဖြစ် စာရင်းသွင်းရေးအရာရှိ မျက်မှောက်တွင် လိုက်နာရမည့် နည်းလမ်းကို စနစ်တကျခံယူလျက်၊ ပုဒ်မ –၁၃ အရ စစ်မှုထမ်းအဖြစ် စာရင်းရေးသွင်းရေး အရာရှိကကျေနပ်လျှင် စစ်မှုထမ်းအဖြစ် စာရင်းရေးသွင်းရန်ပုံစံကိုဖြည့်စွက်၍ ၎င်းအရာရှိနှင့် စစ်မှုထမ်းဆောင်လိုသူ နှစ်ဦးစလုံး လက်မှတ်ရေးထိုးပြီးသည့်နောက်ပိုင်း၊ ပုဒ်မ–၁၄ အရ စစ်မှုထမ်းအဖြစ် စာရင်းသွင်းခြင်း ခိုင်လုံမှုကို ရရှိပြီး ဖြစ်သည်။ မည်သူ့ကိုမဆို စစ်မှုထမ်းဆောင်ရန် အတင်းအကြပ်ခြိမ်းခြောက်ပိုင်ခွင့် မရှိပါ။ မည်သည့်ကလေးသူငယ်ကိုမဆို စစ်မှုထမ်းရန် အတင်းအကြပ်ခြိမ်းခြောက်ပိုင်ခွင့် မရှိပါ။ မြန်မာနိုင်ငံ ကာကွယ်ရေးဌာနနှင့် စစ်ရုံးကောင်စီတို့၏ ညွှန်ကြားချက်အမှတ်– ၁၃/၇၃ (၁၉၇၃)အရလည်း အသက်(၁၈)နှစ် မပြည့်သေးသည့် ကလေးများကို စစ်တပ်အတွင်း ဝင်ရောက်ခွင့်မပြု ဟု အတိအလင်း ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

ကလေးစစ်သားဆိုသည်မှာ အသက် (၁၈)နှစ်အောက် ရှိသူဖြစ်ပြီး ဆန္ဒပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အမြဲတမ်း စစ်တပ်၌သော်လည်းကောင်း၊ အမြဲတမ်း မဟုတ်သော စစ်တပ်၌သော်လည်းကောင်း၊ လက်နက်ကိုင်အုပ်စုများ၌ လက်နက်ကိုင်သည်ဖြစ်စေ၊ လက်နက်မကိုင်သည်ဖြစ်စေ၊ ထမင်းချက်၊ ပစ္စည်းထမ်း၊ သတင်းပို့ တာဝန်ထမ်းဆောင်နေခြင်း၊ မိသားစုဝင်များအဖြစ်မဟုတ်ဘဲ၊ ထိုအဖွဲ့နှင့်အတူ နောက်လိုက်ခြင်း၊ အမျိုးသမီးငယ်များဖြစ်ပါက လိင်ပိုင်းဆိုင်ရာ ရည်ရွယ်၍ဖြစ်စေ၊ အတင်းအကြပ် လက်ထပ်ယူရန် ရည်ရွယ်ချက်ဖြင့် ဖြစ်စေ၊ ပါဝင်နေခြင်းသာမကအခြားသော ပုံစံအမျိုးမျိုးဖြင့်ပါဝင်သူများကိုဆိုသည်ဟု နိုင်ငံတကာ သဘောတူစာချုပ်တွင် အတိအလင်း ဖွင့်ဆိုထားပါသည်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ် (၃၈)တွင်– ကလေးစစ်သားအသုံးပြုခြင်း မပြုလုပ်ရ၊ ဟုပြဋ္ဌာန်းထားချက်ကို မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အတိအကျလိုက်နာရပါမည်။

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို အခြေခံလျက် ကလေးများအပေါ် ပြင်းထန်သော ချိုးဖောက်မှုများကို ကာကွယ်ရန်ရည်ရွယ်၍ ၂၀၀၅ ခုနှစ် ဇူလိုင်လ(၂၆) ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ ဆုံးဖြတ်ချက်အမှတ် (၁၆၁၂)ကိုလည်း မုချလိုက်နာရပါမည်။ ဤပြဋ္ဌာန်းချက်များကို မလိုက်နာဘဲ၊ နအဖ စစ်တပ်မှ ကလေးစစ်သားများစုဆောင်းနေခြင်းကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့်ကျူးလွန်နေခြင်းဖြစ်ကြောင်း၊ ကလေးစစ်သားစုဆောင်း၍ မရသည့်နောက်ဆုံး အသက်ကိုပင်ရန်ရှာသတ်ဖြတ်ခဲ့သည်အထိ ဖြစ်ပျက်ကျူးလွန်ခဲ့ခြင်းကို မောင်တင်မင်းနိုင် သေဆုံးရသည့်အမှုက သက်သေတည်လျက်ရှိပါသည်။ မိဘအုပ်ထိန်းသူများ၏မျက်စိအောက်မှ ပျောက်ဆုံးနေသော ကလေးသူငယ်များအတွက် လူတိုင်း စိုးရိမ်ပူပန်ကြမည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ကြပါကုန်။

ဦးမျိုး (ဥပဒေ)